## ယေရှု၏ ဘဝတာ (ဘီစီ ၆–၄ မှ အေဒီ ၂၉–၃၆)

ဘီစီ ၆–၄ ခုနှစ်တွင် ဂျူးလူမျိုးမိခင် မာရိမှ မွေးဖွားခဲ့၍ နာဇရက်နှင့် ဂလိလဲ ဒေသတွင် ကြီးပြင်းခဲ့သည်။ အီဂျစ် တွင် ကာလအနည်းငယ် နေထိုင်ခဲ့ဘွယ် ရှိပေသည်။ သုတေသီများက သူသည် အသက်သုံးဆယ် ဝန်းကျင်ခန့်မှ စတင်၍ သာသာနာပြုခြင်းနှင့် သူ့အား အံ့ဘွယ်များကို ပြုလုပ်နိုင်သည်၊ (တန်ခိုးဖြင့်) ဆေးကုပေးနိုင်သည် သို့ မဟုတ် ဘုရားရှင်၏ သားတော်ဟု သတ်မှတ်သော တပည့်တော်များကို စည်းရုံးခြင်းများကို စတင်ခဲ့သည် ဟု ယုံကြည်ကြပေသည်။ အေဒီ ၃၃ ခုနှစ်တွင် ယုဒီယ အပိုင် ရောမမြို့တော်ဝန် ပိလတ်မင်းကြီး၏ အမိန့်ဖြင့် ဂျေရုဆလင်၌ ကားစင်တင်၍ ကွပ်မျက်ခံခဲ့ရပေသည်။ သူ့အား ကားစင်တင် ကွပ်မျက်ပြီးနောက် အုတ်ဂူ တစ်ခု တွင် ဂူသွင်း သင်္ဂြိုဟ်ခဲ့ပေသည်။

ခရစ်ယာန်များက ခရစ်တော်သည် သေဆုံးပြီး သုံးရက်နောက်တွင် ခန္ဓာတော်အားဖြင့် ပြန်လည် ရှင်ပြန်သွားခဲ့ သည်ဟု ယုံကြည်ကြ၍ အုတ်ဂူဟောင်းလောင်း (empty tomb) သမိုင်းသည် သမိုင်းဆိုင်ရာ အချက်အလက် တစ်ခုဖြစ်နေပေသည်။ ယေရှုတပည့်များ၏ အစောပိုင်းကာလ လက်ရာများတွင် များစွာသော ရှင်ပြန် ထ မြောက်ခြင်း ပုံဆောင်မှု အထောက်အထားများ ရှိ၍ ယေရှု၏ ရှင်ပြန် ထမြောက်ခြင်းက ခရစ်ယာန်သာသနာ ဖြစ်တည်လာရန် အခြေခံနှင့် တွန်းအားများ ဖြစ်ပေသည်။ သူ့တပည့်တော်များက ယေရှုသည် ဂလိလဲနှင့် ဂျေရု ဆလင်၌ တပည့်တော်များနှင့် မျက်ဝါး ထင်ထင် တွေ့ဆုံပြီး ကောင်းကင်ဘုံသို့ ကြွမသွားမီ မြေကမ္ဘာ၌ ရက်ပေါင်း လေးဆယ် နေခဲ့သည်၊ သေခြင်းမှ ရှင်ပြန် ထမြောက်ခြင်း၊ နောက်ဆုံးတရားစီရင်မည့်နေ့နှင့် ဘုရားသခင်၏ ကောင်းကင်နိုင်ငံတော်အား ပြည့်စုံအောင် ထူထောင်ခြင်း စသည့် မေရှိယဟောကိန်းများအား ဖြည့်ဆီးရန် သူသည် တဖန်ကြွလာမည်ဖြစ်၍ ဟု ရေးသားကြပေသည်။

ယေရှု၏ ဘဝတာနှင့် ဩဝါဒတော်များ အတွက် အဓိကအချက်အလက်များကို ခရစ်ဝင် လေးကျမ်း (မဿဲ၊ မာကု၊ လုကာ၊ ယောဟန်) ၌ ဖေါ်ပြထားပေ၍ တမန်တော် ဝတ္ထုနှင့် ရှင်ပေါလု၏ ပေးစာများတွင်လည်း အနည်း ငယ် တွေ့ရပေသည်။ ခရစ်ယာန်သာသနာတွင် အပေါ်လွင်ဆုံး ယုံကြည်မှုမှာ ခရစ်ဝင်ကျမ်းများမှ ယေရှု၏ သေဆုံးခြင်း၊ ရှင်ပြန်ထမြောက်ခြင်းသည် လူသားတို့၏ (အာဒံနှင့် ဧဝတို့ ကျူးလွန်ခဲ့သော) အပြစ်များအား ထာဝရ ဘုရားသခင်က ကိုယ်တော် ယေရှုအား စတေး၍ အပြစ်လျှော်ပေးခြင်း ဖြစ်သည်ဟုပင်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com